# MSAN Translation Team

ဘာသာပြန် စာရေးဆရာ – ကြော့ရှပ်သွင်

# ထားနတ်ဘုရားဂျင်ချန်

## (Chapter 1604 - 1616)

စာစဉ် – (၁၀၈)

## အပိုင်း ၁၆၀၄

"ဟန့် ပြောကြတာက အရှင်သခင် ဂျင်ချန်က ရောက်လာတာနဲ့ပဲ အခြေအနေက ပြောင်းပြန်လှန်နိုင်မှာ မလို့လား။ အရှင်သခင် ဂျင်ချန်ရဲ့ ပါရမီက ငါတို့ရဲ့ထျန်းယွမ်ကုန်းမြေက ဘယ်သူမှမယှဉ်နိုင်လောက်အောင် ပြိုင်ဘက်ကင်းတဲ့ ပါရမီရှင်ကြီး ဖြစ်နေမယ်ဆိုရင်တောင်မှ မူလနယ်မြေအဆင့် ကျွမ်းကျင်ပညာရှင် တွေထဲမှာ ပြိုင်ဘက်ကင်းနေမယ်ဆိုရင်တောင် တစ်ဖက်တစ်ယောက်ထက် ပိုပြီးစွမ်းအားကြီးဖို့က အချိန်တစ်ခုတော့ လိုအပ်နေဦးမှာပဲ"

"ဟုတ်တယ် ငါလည်း သဘောတူတယ်၊ အရှင်သခင်ဂျင်ချန်က မယုံနိုင်စရာ အရှိန်နှုန်းနဲ့ ဒီလောက်ထိ ရောက်အောင် ကျင့်ကြံနိုင်ခဲ့တယ်။ ငါတို့တောင် သူ့ကို ဘယ်လိုနည်းနဲ့မှ မယှဉ်နိုင်ခဲ့ဘူး၊ သူ့ကိုအခြားသူတွေလို ဆုံးဖြတ်လို့မရဘူး၊ အရှင်သခင်ဂျင်ချန်က နှစ်နှစ်ဆယ်လောက် ပျောက်ကွယ်သွားတယ်။ ဒီတော့ တစ်နေရာကိုသွားပြီး သူ့ရဲ့ခွန်အားကို တိုးတက်လာအောင် ကြံစည်နေတာပဲ ဖြစ်ရမယ်။ သူ အခြားတားမြစ်သူတော်စင်လောကကို ရင်ဆိုင်ဖို့ နည်းလမ်းရှာတွေ့နေလောက်တယ်။ ငါတော့ အရှင်သခင်ဂျင်ချန်ကို ယုံတယ်။ သူသေချာပေါက် ပြန်လာပြီး ဝိဉာဉ်ဘုရင်ကို တိုက်ထုတ်ပေးလိမ့်မယ်"

"အရှင်သခင်ဂျင်ချန်က ငါတို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ။ ငါတို့ အားလုံး သူပြန်လာမှာကို စောင့်နေရမယ့်အပြင် မူလနယ်မြေအဆင့် အရှင်သခင်တွေအားလုံးကလည်း သူ့ကို စောင့်နေကြတာပဲ"

"ဒါ့အပြင် အရှင်သခင်ဂျင်ချန် ထွက်သွားတဲ့အချိန်မှာ တစ်လောကလုံးက ပြောင်းလဲလာခဲ့တယ်၊ နိယာမတွေအားလုံးက ပြီးပြည့်စုံလာတဲ့အပြင် ငါတို့ ကျင့်ကြံဖို့ ပိုလွယ်ကူ လာတာပဲ မဟုတ်လား"

ဒါတွေအားလုံးက အရှင်သခင်ဂျင်ချန်ကြောင့် မဖြစ်နိုင်ဘူးလား"

ဂျင်ချန်ဘက်မှ ထောက်ခံသူများလည်း များပြားသည်ထက် များပြားလာခဲ့သည်။ သူ့ကို ထောက်ခံသူက လူသားများပင် မကပေ။ ပင်လယ်မျိုးနွယ် မှော်သားရဲများနှင့် တိုက်ပွဲတစ်ရာမျိုးနွယ်မှ လူများလည်း ပါကြ၏။ မည်သို့ ပင်ဆိုစေ ဂျင်ချန်ကိုအလွန်ယုံကြည်သက်ဝင်သူက များသည်။ သူ၏ နာမည် ကို နှလုံးသားဖြင့်ပင် ရင်းကာ ကာကွယ်ကြ၏။ သို့ရာတွင် လူတိုင်းက ကာကွယ်ကြသည်တော့ မဟုတ်ပေ။ အချို့လူနည်းစုကမူ သူ့အပေါ် မျှော်လင့်ချက်ပင် မထားတော့ပေ။

"ဟင်း ငါကတော့မင်းတို့အားလုံး မျက်ကန်း ယုံကြည်နေကြတယ်လို့ပဲ ထင်တယ်၊ မင်းတို့ မင်းတို့ရဲ့ တွေးတောနိုင်စွမ်းကို ပျောက်ဆုံးသွားကြပြီ။ တွေးကြည့်စမ်းပါ။ ဝိဉာဉ်ဘုရင် ဘယ်လောက် စွမ်းအားကြီးလဲ။ သူက နတ်ဘုရားနယ်မြေအထက် အားမကြီးနိုင်တဲ့ သူပဲ။ အရှင်သခင် ဂျင်ချန်ရဲ့ပါရမီက လေးစားဖို့ ကောင်းပြီး အလားအလာအရမ်းကောင်းနေတယ် ဆိုရင်တောင်မှ သူ့ရဲ့ကျင့်ကြံခြင်းအရှိန်နှုန်းက ဘယ်လာက်မြင့်နေမြင့်နေ သူ့အသက်ကို ပြန်ကြည့်ပါဦး။ အရှင်သခင်ဂျင်ချန်က အရမ်းထူးခြားနေပြီး အရမ်းတော် ထက်မြက်နေမယ်ဆိုရင်တောင်မှ နတ်ဘုရားနယ်မြေအဆင့်ကို ဆယ်စုနှစ်နှစ်ခုတည်းနဲ့ ရောက်ဖို့က မဖြစ်နိုင်သလောက်ပဲ။ အရှင်သခင်ဂျင်ချန် အလယ်အလတ်အဆင့်ကို ဘယ်လောက်ခက်ခက်ခဲခဲ ခုခံခဲ့ရသလဲ ဆိုတာ မေ့သွားကြပြီလား"

ပြောလိုက်သူက ပိန်ပါးသည်။ နှာခေါင်းကလည်း တိုသော ရုပ်ဆိုးသော

လူအိုကြီးတစ်ယောက်ဖြစ်ပြီး သူ၏ အသားအရေကပင် ဖြူဖွေးနေကာ ဂျင်ချန်အား လေးစားသူတို့ကို အထင်သေးဟန်ပြသည်။

ထိုလူအိုကြီး၏ အခေါ်အဝေါ်ကလည်း လေးစားဖွယ် ကောင်းသည်။ သူတော်စင်အင်ပါယာ များထဲတွင်ပင် သူက အစွမ်းအကြီးဆုံးမှ ပါဝင်နိုင်နေသေး၏။ သူက ကောင်ကင်လွှာ အဆင့်ခုနှစ်သို့ ရောက်နေခဲ့ပြီဖြစ်ကာ မှော်သားရဲများတွင်ပင် ကျွမ်းကျင်ပညာရှင် အဆင့်ဖြစ်နိုင်သည်။

"ဟုတ်တယ် ဒီလို တိုတောင်းတဲ့ ဆယ်စုနှစ်နှစ်ခု အချိန်အတောအတွင်းမှာ အရှင်သခင် ဂျင်ချန်က ဘယ်လိုများ ဝိဉာဉ်ဘုရင်လောက်နီးပါး စွမ်းအားကြီးမားလာမှာတဲ့လဲ။ သူကသူတော်စင်လောကကို ပြောင်းရွှေ့ပြီး နှစ်နှစ်ဆယ် ကြာသွားလို့ ဒီလိုအခြေအနေအထိ ရောက်သွားရင် ဖြစ်နိုင်ပါသေးတယ်။ ဒါပေမယ့် ဟီးဟီး ငါ့အထင်တော့ လောကကြီး ပြောင်းလဲသွားတာက ဂျင်ချန်ကြောင့်လို့ မင်းတို့ပြောနေတာက ဟာသပဲလို့ မြင်တယ်"

နောက်ထပ်ပြောလိုက်သူက သက်လတ်ပိုင်းအရွယ်လူ ဖြစ်သည်။ သူက လူတိုင်းက ဟာသဟု မြင်နေ၏။ သူကလည်း အားနည်းသည်တော့ မဟုတ်ပေ။ သို့သော် သူက လူသားသူတော်စင်အင်ပါယာတစ်ပါး ဖြစ်နေသေး၏။

ဂျင်ချန်အပေါ် မယုံကြည်သူများ၏ အသံက ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်လာခဲ့သည်။ လူတိုင်းအတွက် ဂျင်ချန်က အလွန်သန်မာပြီး အစွမ်းထက်ဆုံး လူသားကျွမ်းကျင်ပညာရှင် တစ်ယောက်ဖြစ်သည်မှာ သံသယဝင်စရာမရှိပေ။ သို့သော် လောက၏ နိယာမများကို သူက လွှမ်းမိုးနိုင်သည်ဟု မည်သူမှ မယုံကြည်နိုင်ကြပေ။

"မင်းတို့က ကျေးဇူးမသိတတ်တဲ့ ကောင်တွေပဲ။ မင်းတို့က သူတော်စင်အင်ပါယာ ဖြစ်အောင် ဘယ်သူလုပ်ပေးခဲ့လဲ။ သူ ဒီမှာမရှိတာနဲ့ပဲ ငါ့အစ်ကိုနာမည်ကို ဖျက်ချင်နေကြတယ်။ ငါ့အစ်ကိုက သူ့အသွေးအသားတွေကို

စွန့်လွှတ်ရမယ်ဆိုရင်တောင်မှ ဘယ်တော့မှ ငါတို့ကို ချန်ထားရစ်ခဲ့မှာ မဟုတ်ဘူး"

ရုတ်တရက် ဒေါသတကြီး ဖြစ်နေသော အသံက ထွက်လာ၏။ ပိုင်လျန်က အဝေးမှ ဒေါသတကြီး ဝင်လာသည်။ ယိုယွဲ့၊ ဟွမ်လွမ့်၊ ရှို့ထျန်းယွီ၊ တုကူး ဖုန်းနှင့် အခြားသူများ အားလုံး ရှိနေကြ၏။ သူတို့အားလုံးက သူတော်စင် အင်ပါယာအဖြစ်နှင့် ရောက်လာခဲ့ကြခြင်း ဖြစ်၏။ ချူစ့်ကလည်း ထိုအထဲ တွင် ပါသည်။ မတိုင်ခင်က သူက သူ၏ ညီငယ်အကြောင်း အထင်တသေး ပြောနေဟန်ကို

စက်စုပ်ရွံရှာစွာ ကြည့်ကာရယ်သည်။

"ငါ့ညီ ဂျင်ချန်ကြောင့် သူတော်စင်အင်ပါယာအဆင့်ကို မင်းတို့ရောက်ခဲ့ ကြတယ်။ ကျေးဇူးမသိတတ်ရင် အဆင်ပြေသေးတယ်။ အခု သူ့နာမည်ကို တောင် ဖျက်နေတယ်။ သူ ပြန်မလာသေးရင် ထားလိုက်ပါတော့။ သူ ပြန်လာခဲ့ရင် ငါ ခမ်းနားကြီးကျယ်တဲ့ ချူစ့်က သူ့ထက် ကိုယ်တိုင် ဆုံးဖြတ်ချက် ချပြီး မင်းတို့အားလုံးကို သတ်ပြမယ်"

ကောင်းကင်လွှာအဆင့်ခုနှစ် သူတော်စင်အင်ပါယာကို ချူစ့်ကို ကြည့်လာ လျက် တည်ငြိမ်စွာ ပြောသည်။

"ချူစ့် မင်း နည်းနည်းလေး မောက်မာတာ လျှော့လို့ မရဘူးလား၊ မင်းက ကောင်းကင်လွှာအဆင့်ခြောက် သူတော်စင်အင်ပါယာ တစ်ပါးပဲ။ ဒီနေရာ မှာ လူအနည်းစုကငါ့ကို ယှဉ်နိုင်နေသေးတယ်။ ထပ်မပြောနဲ့ ငါ့ရဲ့မိတ်ဆွေ တစ်ယောက် ပြောသွားတာက အကျိုးအကြောင်း မသင့်လျော်တာမှာ မဟုတ်တာ။ အရှင်သခင်ဂျင်ချန်က ဆယ်စုနှစ်နှစ်ခုလောက် နီးပါး ပျောက် ကွယ်သွားခဲ့တာ။ ဒီလောကက ဒီလောက်ကြီးတာ သူတော်စင်အင်ပါယာ တွေ အတူပေါင်းပြီးတားမြစ်သိုင်းကို ထုတ်ဖော်လို့ ဂျင်ချန်ကို အတူရှာဖွေခဲ့

ကြပေမယ့် ဘာသင်္ကေတကိုမှ ရှာမတွေ့ခဲ့ကြဖူးပဲ။ သူက သေချာပေါက် သူတော်စင်လောကကို ပြောင်း..."

ထိုလူအိုကြီး၏ စကားမဆုံးသေးခင်မှာပင် သေးငယ်သော လက်တစ်ဖက်က သူ့ခေါင်းကို ဖိနှိပ်လာသည်။ ထို့နောက် ပေါက်ကွဲသံနှင့်အတူ ထိုသူတော်စင်အင်ပါယာ၏ ခေါင်းက ပေါက်ကွဲသွား၏။ သူက အဝေးသို့ လွင့်ထွက်သွားသည်။ စိတ်ဝိညာဉ်ကပင် မလွတ်မြောက်သွားပဲ သေဆုံးသွားခဲ့ရ၏။

လူတိုင်း ကြောင်သွားသည်။ တုန်ယင်သွားကြ၏။ သူတို့အားလုံး တိတ်ဆိတ်သွားကြတော့သည်။

ထိုလူအိုကြီး၏ အနားတွင် ရုတ်တရက် ပေါ်လာသည်က လူငယ်လေးတစ်ယောက်ဖြစ်သည်။ သူ၏ မျက်နှာတွင် အေးစက်မှုက ပေါ်နေ၏။ ထိုအေးစက်မှုက အသက်အရွယ်နှင့်ပင် မလိုက်ပေ။ သူက ဒီနေရာတွင်ရှိသော လူတိုင်းကို သတိပေးသလို ကြည့်သည်။

"တောင်ပံပါ ကျားနတ်ဘုရားပဲ"

မျိုးနွယ်လေးခုမှ လူတိုင်းက တုန်ယင်သွားကြသည်။ သူတို့အားလုံး ထိတ်လန့်သွားကြ၏။ တောင်ပံပါ ကျားနတ်ဘုရားက အလွန်ငယ်ရွယ်သေးသည့်အပြင် စကားပြောခဲသည်။ သို့သော် သူလုပ်ရှားရာတွင် တုံ့ဆိုင်းနေခြင်း မရှိပေ။ အချို့သော နေရာများတွင် သူက လူများကို သတ်ခြင်းဖြင့် ဆုံးဖြတ်ချက် ချပေးလေ့ရှိ၏။

ထိုတစ်ခဏတွင် ထိုကျားဖြူ၏ အကြည့်က မတိုင်ခင်က မကောင်းပြောသော ပညာရှင်များထံသို့ ရောက်လာသည်။ သူက ခံစားချက်မဲ့စွာပြော၏။

"ငါ့အစ်ကိုကို နာမည်ဖျက်တာ မဖျက်တာကို ဂရုမစိုက်ဘူး၊ အဲဒီလူတွေက

အခြားမျိုးနွယ်က ဆိုရင်ပေါ့။ ဒါပေမယ့် မော်သားရဲမျိုးနွယ်က ဖြစ်နေရင် ငါ့အစ်ကိုကို နာမည်ဖျက်တာကို ငါ သီးခံပေးမှာ မဟုတ်ဘူး"

မော်သားရဲများအားလုံး ကျော့ချမ်းသွားကြ၏။ ယခင်က ဂျင်ချန်ကို နာမည်ဖျက်ခဲ့ဖူးသူတိုင်း ထိတ်လန့်သွားကြသည်။

"တောင်ပံပါ ကျားနတ်ဘုရားဆီမှာ ကြောက်မက်ဖွယ်ကောင်းတဲ့ သတ်ဖြတ်ခြင်း စိတ်ဆန္ဒကို ပိုင်ဆိုင်ထားတယ်။ သူက အဆင့်ခုနှစ် သူတော်စင် အင်ပါယာတစ်ပါးကိုတောင် တုံ့ဆိုင်းမနေပဲ သတ်ပစ်နိုင်တယ်။ မျိုးနွယ်လေးခုက သူတော်စင်အင်ပါယာမှာ ကျွမ်းကျင်အဆင့်တွေ ဘယ်လောက်နည်းနေလိုက်သလဲ၊ တောင်ပံပါကျားနတ်ဘုရားက အလောတကြီး နိုင်လွန်းတယ်"

ဘေးမှ လူများက သက်ပြင်းချလိုက်သည်။ သို့သော် ဒါကို တွေးရုံသာ တွေးရဲကြခြင်းဖြစ်၏။

အော့ယန်ရန်ဝမ်နှင့် ရှုံးကျုံးတို့က လောကနှစ်ခုအကြား တူးမြောင်းအဝ တွင် ရပ်နေကြသည်။ အခြားသော အလယ်အလတ်အဆင့် ငါးယောက်က လည်း အနောက်တွင် ရှိနေကြ၏။ အားလုံး စိတ်လှုပ်ရှားနေကြသည်။

"နတ်ဘုရားခန်းမထဲက စွမ်းအင်တွေက လျော့နည်းလာတယ်လို့ ခံစားမိ နေပြီ။ နှစ်ပေါင်းများစွာ ကြာသွားပြီးတဲ့နောက်မှာ ငါတို့ ထုတ်သုံးလိုက်ရ တဲ့ စွမ်းအင်တွေက တန်နေတာပဲ။ ကြည့်လိုက်ရတာ အခြားလောကက သိပ်မကြာခင်မှာ ငါတို့ ဝင်ဖို့အဆင်ပြေလာလိမ့်မယ်။ ဂျင်ချန် ငါ သေချာပေါက် ငါ့ရဲ့လက်နဲ့ မင်းကို သတ်ပြမယ်။ ဒီလိုနည်းနဲ့ပဲ ငါ့ရဲ့မုန်းတီး မှုကို ဖြေနိုင်တော့မယ်"

အော့ယန်ရန်ဝမ်၏ မျက်နှာတွင် ခက်ထန်သော အလင်းက လက်လာ သည်။ သူ၏ တစ်ကိုယ်လုံးတွင် သတ်ဖြတ်လိုစိတ်များက ပြည့်နှက်နေ

ခဲ့၏။

"ဂျင်ချန်က ငါ့အတွက်ပဲ အရင်တစ်ခေါက်က ငါသူ့ကို ရှုံးအောင် မလုပ်နိုင်ခဲ့ဘူး၊ ဒါကြောင့် ငါ လက်လွှတ်ခဲ့ရတယ်။ ဒါကငါ့ဘဝမှာ အကြီးမားဆုံး အရှက်ကွဲခဲ့တဲ့ ကိစ္စပဲ။ ဒီတော့ငါ ကိုယ်တိုင်ကိုယ်ကျ ဂျင်ချန်ကို သတ်မှ ငါ စိတ်အေးနိုင်လိမ့်မယ်"

ရှုံးကျုံးကလည်း ပြောသည်။ သူကလည်း နောက်မဆုတ်လိုပေ။

အော့ယန်ရန်ဝမ်၏ မျက်နှာက ပြောင်းလဲသွားသည်။ သူက ရှုံးကျုံးကို အေးစက်စွာ ကြည့်ပြီးနောက် ပြော၏။

"ရှုံးကျုံး အရင်တစ်ခေါက်က ဂျင်ချန်ကို မင်းကို ကိုင်တွယ်ခွင့်ပေးလိုက်တာက မင်းငါ့ကို ကူညီခဲ့ဖူးလို့ပဲ။ ဒါပေမယ့် ဂျင်ချန်ရဲ့ ဓားနှစ်လက်ကတော့ ငါ့အပိုင် ဖြစ်ရမယ်"

"မရဘူး"

ရှုံးကျုံးက သဘောမတူနိုင်ပေ။ ဂျင်ချန်၏ ဓားနှစ်လက်က မည်မျှစွမ်းအားကြီးကြောင်း သူသိ၏။ လက်ရှိအနေအထားနှင့်ပင် ဟန်ချက်ညီအောင် မနည်းထိန်းနေရလေရာ အော့ယန်ရန်ဝမ်ကလည်း ထိုဓားများကို ပိုင်သွားခဲ့ပါက သူက ယှဉ်နိုင်တော့မည် မဟုတ်ပေ။

အော့ယန်ရန်ဝမ်၏ အကြည့်ကလည်း အေးစက်လာသည်။ သူက ပြော၏။

"ဒီလိုဆိုမှတော့ ငါတို့တွေ ပြိုင်ရုံပဲပေါ့၊ အချိန်ကျလာတဲ့အခါ သိရလိမ့်မယ်"

"ကောင်းပြီ ငါတို့ပြိုင်မယ်"

ရှုံးကျုံးကလည်း တည့်တိုးဆန်သော အနေအထားမျိုးဖြင့် သဘောတူ

လိုက်သည်။ သူ ရှုံးမည်ဟုလည်း မထင်ပေ။ သူကအနောက်မှ အကြီးအကဲများကို ကြည့်လျက် အော်လိုက်၏။

"ငါတို့ဆက်တိုက် တိုက်ခိုက်နေမယ်ဆိုရင် နောက်ထပ် နာရီအနည်းငယ်ကြာတာနဲ့ ဒီခန်းမထဲက စွမ်းအင်တွေ ကုန်ဆုံးသွားလိမ့်မယ်။ ဆိုတော့ ခုနှစ်သွယ်သတ်ဖြတ်ခြင်းဝင်္ကပါကို ခင်းကျင်းလိုက်ရအောင်၊ ငါတို့ရဲ့စွမ်းအင်ကို အဲဒီထဲကို ထည့်ပြီးနတ်ဘုရားခန်းမကို တစ်ခါတည်းပေါင်းတိုက်ခိုက်ကြမယ်"

"တော်ပြီ နောက်ထပ် အနည်းငယ်လောက်အထိ စွမ်းအားတွေ ဖြုန်းမနေတော့ဘူး၊ ဝင်္ကပါသုံးတာက အချိန်ကုန်တယ်။ ဒါပေမယ့် ငါတို့ရဲ့ မူလစွမ်းအင်တွေကို သုံးပြီး အဲဒီဓားနှစ်လက်ကို စောစောရမယ်ဆိုရင်တော့ အဆင်ပြေတာပဲ။ အဲဒီလို လုပ်ရအောင်"

အော့ယန်ရန်ဝမ်ကလည်း ရှုံးကျုံးနည်းတူ ဝင်္ကပါသုံးရန် သဘောတူလိုက်၏။ သူတို့ ခုနှစ်ယောက်လုံးက ဝင်္ကပါ၏ ထောင့်တစ်နေရာစီတွင် နေလိုက်ပြီးသည်နှင့် စွမ်းအင်အားလုံးကို အထဲသို့ ပို့လွှတ်သည်။ နှောင်းပိုင်းအစောပိုင်း အဆင့်ဟာ အဆင့်လွန် နတ်ဘုရားခန်းမကို တိုက်ခိုက်ရန်လုံလောက်နေပြီ ဖြစ်သည်။

သူတို့က အလွန်ပြင်းထန်သော စွမ်းအားများကို ထုတ်ဖော်လိုက်ကြ၏။ မည်သို့ပင်ဆိုစေ သူတို့ နှစ်နှစ်ဆယ်နီးပါး တိုက်ခိုက်လာသည့်အတွက် နတ်ဘုရား ခန်းမကလည်း မကောင်းတော့ပေ။

ဝုန်း

သူတို့၏ ပူးပေါင်းသော စွမ်းအင်များ အောက်တွင် နတ်ဘုရားခန်းမကို လေထဲသို့ လွင့်ထွက်သွားစေလျက် တူးမြောင်းကို ပွင့်ဟသွားစေလိုက်သည်။

ထိုအဆင့်လွန် နတ်ဘုရားခန်းမက ဝင်ပေါက်တွင် နှစ်ပေါင်းများစွာ ပိတ်ဆို့ထားခဲ့သော်လည်း အော့ယန်ရန်ဝမ်နှင့် ရှုံးကျုံး ထို့အပြင် အခြားသောအကြီးအကဲများကြောင့် အဝေးသို့ လွင့်ထွက်သွားခဲ့ရသည်။ ထိုတစ်ခဏတွင် နှစ်နှစ်ဆယ်ကျော် ကြာပြီးနောက် ဝင်ပေါက်က ပြန်ပွင့်သွားခဲ့ပြီဖြစ်သည်။ နားကွဲမတတ် ဆူညံဆူးရှသော ဝုန်းကနဲအသံကြီးက အဆင့်လွန်နတ်ဘုရား ခန်းမအတွင်းရှိ လူတိုင်း၏ နားကို သွေးယိုမတတ် ပေါက်ကွဲသွားစေ၏။ ခန်းမတစ်ခုလုံးက လှုပ်ခါသည်။ အထဲရှိ လူတိုင်းက အလန့်တကြား ကောင်းကင်သို့ ထိုးတက်သွားခြင်းကို ခံစားလိုက်ရ၏။

***